# မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်း

ယူနက်စကို၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုတိုင်းတာချက်များပေါ်တွင်

အခြေပြုထားသည်

# မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်း

## ယူနက်စကို၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုတိုင်းတာချက်များပေါ်တွင် အခြေပြုထားသည်

အကဲဖြတ်ကာလ - ၂၀၁၄ ခုနှစ် မေလ မှ ၂၀၁၆ခုနှစ် ဧပြီလအထိ

# အနှစ်ချုပ်

၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန်ဦးဆောင်သော အရပ်သားတစ်ပိုင်းအစိုးရ ပေါ်ပေါက်လာခြင်းသည် ဆယ်စုနှစ် များစွာ ကြာမြင့်ခဲ့သော စစ်အုပ်ချုပ်မှုစနစ်ချုပ်ငြိမ်းသွားခြင်း၏ သင်္ကေတအမှတ်အသားတစ်ခုလည်းဖြစ်ပါသည်။ ထိုအချိန်မှစတင်ပြီး မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပြင် လူမှုရေးပြုပြင် ပြောင်းလဲမှုများလည်း သိသိသာသာကြုံတွေ့လာခဲ့ရပါသည်။ ယခင် ပိတ်ဆို့မှုခံခဲ့ရသည့် နိုင်ငံတစ်ခုဘဝမှသည် မဆုတ်မနစ်သော ခြေလှမ်းများဖြင့် ခိုင်မာမှုတသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်သည့် ပြုပြင်ပြောင်းလဲမှု များစွာကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထောင်ပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်း၊ ပုံနှိပ်မီဒီယာတွင် ယခင်ကရှိခဲ့သော ဆင်ဆာစနစ်အား ဖျက်သိမ်းပေးခြင်း၊ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းထက်ဝက် ကျော်ဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ခြင်း တို့သည်လည်း အဆိုပါ ပြုပြင်ပြောင်းလဲမှုများတွင် အပါအဝင်ဖြစ်ပါသည်။ ထိုနည်းတူစွာ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း ယခင်က ထားရှိခဲ့သော စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးပြီး ကမ္ဘာ့စီးပွားရေး အသိုက်အဝန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပိုမိုပါဝင်လာနိုင်စေရန်လည်း လမ်းခင်းပေးလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံသည် နှစ်ပေါင်း ၂၅နှစ်အတွင်း ၎င်း၏ပထမဆုံး ပွင့်လင်းမြင်သာမှုအရှိဆုံး ရွေးကောက်ပွဲကြီးကို ကျင်းပနိုင်ခဲ့ပါသည်။ ယခင် အတိုက်အခံပါတီဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အဆိုပါရွေးကောက်ပွဲတွင် သောင်ပြိုကမ်းပြိုအနိုင်ရရှိ ခဲ့ပြီးနောက် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တွင် အမတ်နေရာအများစုကိုအရယူနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ် အများဆုံးပါဝင်သည့် လွှတ်တော်က ၅၃ နှစ်အတွင်း မြန်မာနိုင်ငံ၏ပထမဆုံး အရပ်သားသမ္မတအဖြစ် ဦးထင်ကျော်အား ရွေးကောက်တင်မြှောက်ခဲ့ပါသည်။[1]

မြန်မာနိုင်ငံအနေဖြင့် ၎င်း၏ သမိုင်းဝင်မှတ်တိုင်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဒီမိုကရေစီ နည်းလမ်းတကျ ရွေးချယ်တင်မြှောက်ထားသော အစိုးရသည် အကောင်းဖက်သို့ဦးတည်သော နိုင်ငံရေးအရွေ့တစ်ခုကို ပြုလုပ်ပေးနိုင်ခဲ့ပါ သည်။ ထိုသို့အကူးအပြောင်းကာလတွင် အစိုးရသစ်အနေဖြင့် ယခင်စစ်အုပ်ချုပ်ရေးစနစ်ကြောင့်ဖြစ်ပေါ်ခဲ့သည့် ဒဏ်ရာ အနာတရဟောင်းများကို ဆက်လက်ရင်ဆိုင်နေရသည့်အပြင် အခက်အခဲအသစ်များလည်း ကြုံတွေ့လာနိုင်ပါသည်။ တပ်မတော်အနေဖြင့် အစိုးရအပေါ်တွင် သိသိသာသာလွှမ်းမိုးထားဆဲဖြစ်ပြီး သဘာဝအရင်းအမြစ် ထုတ်လုပ်မှုကဲ့သို့သော အစိုးရနှင့် တပ်မတော် နှစ်ဦးနှစ်ဖက်အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုများသည် ပွင့်လင်းမြင်သာမှုမရှိသည့် အပြင် ရေရှည်အတွက်လည်း အလားအလာမကောင်းနိုင်ပါ။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေသော်လည်း နိုင်ငံတွင်း ဒေသအများအပြားတွင် ပဋိပက္ခများဖြစ်ပွားလျက်ရှိပြီး လူများစုဖြစ်သော ဗမာတိုင်းရင်းသားများနှင့် တိုင်းရင်းသား လူနည်းစုများကြားတွင် နာကြည်းမှုများအမြစ်တွယ်လျက်ရှိပါသည်။ မွတ်ဆလင်များနှင့် ဗုဒ္ဓဘာသာဝင်များအကြား တင်းမာမှုများသည်လည်း မြို့ကြီးတော်တော်များများတွင် အဓိကရုဏ်းများဖြစ်ပွားစေရန် ဦးတည်စေခဲ့ကာ ထောင်ပေါင်း

[1] Holmes, O. (15 March 2016). မြန်မာ့လွှတ်တော်က ဦးထင်ကျော်အား နှစ်ပေါင်း ၅၃ နှစ်အတွင်း ပထမဆုံး အရပ်သားသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ***The Guardian*** မှ ထုတ်နုတ်တင်ပြထားပါသည်။

များစွာသော ပြည်သူများအား အိုးမဲ့အိမ်မဲ့ဖြစ်စေခဲ့ပါသည်။ မွတ်ဆလင်များသည် ခွဲခြားဆက်ဆံခံရမှုများကို ဆက်လက်ရင်ဆိုင်နေရပါသည်။

အဆိုပါပြောင်းလဲမှုများအကြားတွင် မြန်မာအစိုးရအနေဖြင့် ကောင်းမွန်သောအစိုးရနှင့် ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် တက်ကြွသော၊ ဗဟုဝါဒဦးတည်သော မီဒီယာတစ်ရပ်ကို မြှင့်တင်ပေးရန် အရေးကြီးပါသည်။ မြန်မာပြည်သူ၊ ပြည်သားများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဘက်လိုက်ခြင်းမရှိဘဲ တိကျ မှန်ကန်သော သတင်းအချက်အလက်များ ရယူနိုင်ရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့အနေဖြင့် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ပါမည်။ ထို့ကြောင့် သုတေသန၏နောက်ဆက်တွဲပါ အချက်အလက်များသည် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (ယူနက်စကို) ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အညွှန်းကိန်းများကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍကို အကဲဖြတ်ထားသော အချက်အလက်များဖြစ်ပါသည်။ အဆိုပါအကဲဖြတ်မှတ်တမ်းသည် အစိုးရသစ်သာမက အခြားမီဒီယာ ကဏ္ဍနယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်နေသောပုဂ္ဂိုလ်များအနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့ပါဝင်ဆောင်ရွက်သင့်သည်ကို အကြံပြုနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းကို အပိုင်း ၅ ပိုင်း ခွဲခြားထားသည်အလို့ငှာ အကဲဖြတ်မှတ်တမ်းကိုလည်း အခန်း ၅ ခန်းဖြင့် ပိုင်းခြားဖော်ပြထားပါသည်။ အောက်ပါ ဖော်ပြထားသော အကြောင်းအရာများသည် မှတ်တမ်းတွင်ပါရှိသော အခန်း ၅ ခန်း၏ အဓိကအနှစ်ချုပ်အကြောင်းအရာများနှင့် အကြံပြုတင်ပြချက်များဖြစ်ပါသည်။

**အခန်း (၁)**

**လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ဗဟုဝါဒနှင့် အမျိုးအစားစုံလင်သော မီဒီယာများကို အထောက်အကူပြုစေနိုင်သည့် ဥပဒေစနစ်**

မြန်မာအစိုးရသည် ယခင်ကျင့်သုံးခဲ့သော ဆင်ဆာစနစ်ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ဖျက်သိမ်းခဲ့ပြီးနောက် နိုင်ငံအတွင်း ပုံနှိပ်မီဒီယာအခန်းကဏ္ဍ၏ အရေးပါဆုံးအဖြစ်အပျက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် စာပေစိစစ်ရေးအဖွဲ့ ဖျက်သိမ်းလိုက်ခြင်းနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းလိုက်ခြင်းသည် ပြုပြင်ပြောင်းလဲမှုများကို အသက်ဝင်စေခဲ့ပါသည်။ ထိုသို့တိုးတက်ပြောင်းလဲမှုဖြစ်စဉ်များသည် မီဒီယာဗဟုဝါဒနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို တွန်းအားပေးစေနိုင်သည့် မီဒီယာပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်များပင် ဖြစ်ပါသည်။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလုပ်ငန်းဥပဒေအရ ပုံနှိပ်လုပ်ငန်းအတွက် လိုင်စင်မှတ်ပုံတင်ခြင်း ပြုလုပ်ရန် မလိုအပ်တော့ပေ။ ပုံနှိပ်မီဒီယာများ အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရန် လိုအပ်သော်လည်း တင်းကျပ်သော လုပ်ထုံးလုပ်နည်းများ မရှိတော့ချေ။ ထို့အပြင် ၂၀၁၄ခုနှစ် သတင်းမီဒီယာဥပဒေသည် မီဒီယာများကိုယ်တိုင် ကိုယ့်ကိုယ်ကို ထိန်းကျောင်းနိုင်သည့်စနစ်ကို တည်ထောင်ပေးခြင်းဖြင့် မီဒီယာ၏အရည်သွေးမြင့်မားမှုကို မြှင့်တင်ပေးခဲ့သည်။ ထိုဥပဒေသည် အမှီအခိုကင်းသော၊ မီဒီယာကိုယ်တိုင်ထိန်းကျောင်းသော အဖွဲ့ပေါ်ထွန်းလာရေးနှင့် သတင်းမီဒီယာကျင့်ဝတ်များ လက်ခံကျင့်သုံးရေးအတွက် တွန်းအားပေးခဲ့သည်။ နောက်ဆုံးတွင် သတင်းမီဒီယာကျင့်ဝတ်ကို ၂၀၁၄ခုနှစ် ခုနှစ် မေလတွင်

ပြဋ္ဌာန်းနိုင်ခဲ့ပြီး[2] မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်။ ထိုနည်းတူစွာ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် တင်သွင်းခဲ့သည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေသည် ရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ ထုတ်ပြန်ရန်နှင့် လိုင်စင်ရယူထားသည့် ဝန်ဆောင်မှုလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးရသည့် တာဝန်ရယူရမည့် အမျိုးသားရုပ်သံလွှင့်ကောင်စီဖွဲ့စည်းနိုင်ရေးအတွက် ပံ့ပိုးပေးထားသည်။

မီဒီယာဥပဒေပြုပြင်ပြောင်းလဲလာမှုများနှင့် မြန်မာနိုင်ငံ၏ ပြည်သူ့အစိုးရဦးဆောင်သော ဒီမိုကရေစီနိုင်ငံတော်ဆီသို့ ပြောင်းလဲနိုင်ရေး နိုင်ငံရေးဆိုင်ရာ အသွင်ကူးပြောင်းမှုများသည်လည်း စည်းဝါးညီညီဖြစ်ပေါ်လျက်ရှိပါသည်။ ထိုသို့သော ပြုပြင်ပြောင်းလဲမှုများနှင့်အညီ မီဒီယာ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုအနေဖြင့်လည်း ထိရှလွယ်သော နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး ပိုမိုထုတ်ဖော်ပြောကြားလာကြသည်။ ပြည်သူများသည် မိမိတို့၏ သဘောထားအမြင်နှင့် အယူအဆများကို လူသိထင်ရှား စတင်ဖော်ပြလာကြလင့်ကစား ဆက်လက်၍ ၎င်းတို့၏ အခွင့်အရေးမည်သည့်အတိုင်းအတာအထိရရှိမည်ဆိုသည်ကို အသေအချာမသိနိုင်ကြပေ။

သတင်းမီဒီယာဥပဒေသည် အကောင်းဘက်သို့ဦးတည်သော ပြောင်းလဲချက်များရှိသော်လည်း မြန်မာနိုင်ငံ၏ တရားဥပဒေကဏ္ဍသည် ခေတ်နောက်ကျကျန်နေခဲ့ပြီဟုဆိုနိုင်ပြီး ဥပဒေများသည် လက်ရှိဖြစ်ပွားနေသော နိုင်ငံရေး၊ လူမှုရေးပြောင်းလဲမှုများနှင့် သဟဇာတမဖြစ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့တည်းမဟုတ် နိုင်ငံတွင်း ဥပဒေများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် လုံလောက်သော ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ပေ။ ထိုမျှသာမက မြန်မာနိုင်ငံအနေဖြင့်လည်း "ပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (International Covenant on Civil and Political Rights – ICCPR)" ကဲ့သို့သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ထောက်ကူပြုစေနိုင်သည့်စာချုပ်များတွင် လက်မှတ်ရေးထိုးသဘောတူညီထားခြင်းမရှိပါ။ ထို့ပြင် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းနိုင်ခြင်းမရှိသည့်အတွက် အစိုးရနှင့်ပတ်သက်သော သတင်းများရယူရာ၌ အဟန့်အတားများ ရှိနေဆဲပင်ဖြစ်သည်။

လွတ်လပ်စွာထုတ်ဖော်ရေးသားပြောဆိုပိုင်ခွင့်ကို အတားအဆီးဖြစ်စေနိုင်သော ခေတ်ဟောင်း ဥပဒေများသည် ထိရှလွယ်သောပြဿနာများအပေါ် မီဒီယာနှင့် အရပ်ဖက်အဖွဲ့အစည်းများက အသံတိတ်နေကြရမည့် အဓိပ္ပာယ်မျိုး ဖြစ်နေစေသည်။ ထိုဥပဒေများတွင် ကိုလိုနီခေတ်ကတည်းက ရာဇသတ်ကြီးတွင်ပြဋ္ဌာန်းထားသည့် အသရေဖျက်မှု၊ ရာဇဝတ်မှုမကင်းသောကျော်နင်းမှု၊ နိုင်ငံတော်အား အကြည်ညိုပျက်စေမှုနှင့် ဘာသာသနာနှင့် ဘာသာရေးအရ ကိုးကွယ်ယုံကြည်မှုကို စော်ကားခြင်း ကဲ့သို့သော ဥပဒေများပါဝင်သည်။ အခြားဥပဒေများမှာလည်း ယခင်စစ်အစိုးရလက်ထက်ကပြဋ္ဌာန်းခဲ့သော ဥပဒေများနှင့် ယေဘုယျအားဖြင့် အမျိုးသားလုံခြုံရေးကို အကြောင်းပြထားသော ဥပဒေများသာဖြစ်သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဥပဒေကို ဆန္ဒပြမှုများအား တားမြစ်ရန်အတွက် အများအားဖြင့် အသုံးပြုကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်တွင်

---

[2] မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ သတင်းမီဒီယာကျင့်ဝတ်ကို တရားဝင်ပြဋ္ဌာန်းခဲ့သည်။ အပြည့်အဝမလွတ်လပ်သော အဆိုပါ ကောင်စီသည် မြန်မာသတင်းမီဒီယာကောင်စီ၏ ရှေ့ပြေးဖြစ်သည်။

ဥပဒေဆိုင်ရာ ကန့်သတ်ချက်များသည် ဒီမိုကရေစီနိုင်ငံများတွင် ရှိကြသော်လည်း တိကျသေချာစွာ အဓိပ္ပါယ်ဖွင့်ဆိုထားကြပြီး ပြစ်မှုနှင့်ပြစ်ဒဏ်များမှာ အချိုးညီညီရှိကြသည်။ မြန်မာနိုင်ငံတွင်မူ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်ကို ကန့်သတ်ထားသောဥပဒေများသည် ရှင်းရှင်းလင်းလင်း အဓိပ္ပါယ်ဖွင့်ဆိုထားခြင်း မရှိဘဲ ပြင်းထန်သောပြစ်ဒဏ်များကို ချမှတ်နိုင်ပါသည်။

စာပေစိစစ်ရေးအဖွဲ့ဖျက်သိမ်းလိုက်ခြင်းသည် မီဒီယာအတွင်း မည်သည့်အတိုင်းအတာအထိ ပုံနှိပ်ဖော်ပြရန်ရခြင်း၊မရခြင်း ဆိုသည်ကို အတိအကျတိုင်းတာပေးသည့်စနစ်ကို ဖယ်ရှားလိုက်ခြင်းပင်ဖြစ်သည်။ အဆက်မပြတ် ရှင်သန်နေသော စာနယ်ဇင်းအရေးအသားနယ်ပယ်တွင် လူမှုရေးအရ လက်ခံနိုင်လောက်သည့် ရေးသားဖော်ပြချက်များကို ပုံနှိပ်ဖော်ပြရန် ဆုံးဖြတ်ရမည့်တာဝန်မှာ အယ်ဒီတာ့အပေါ်တွင် လုံးလုံးလျားလျား ကျရောက်လာပြီဖြစ်သည်။ မီဒီယာပြောင်းလဲရေးတိုးတက်လာရန် နီးကပ်လာသည့် အနေအထားနှင့်အတူ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ်တင်းကျပ်သောကန့်သတ်ချက်များ ရှိနေခြင်းများသည် မသေချာသေးသည့်မီဒီယာဝန်းကျင်တစ်ခုကို ဖြစ်ပေါ်လာစေပါသည်။ ခေတ်မမီတော့သည့် ဥပဒေများကို တဖက်သတ်ထင်သလိုသုံးစွဲခြင်းနှင့် ပြင်းထန်သောထောင်ဒဏ်ချမှတ်ခြင်းများရှိနေသေးသရွေ့ မီဒီယာနှင့် ပြည်သူလူထုတစ်ရပ်လုံးသည် ၎င်းတို့၏ အသစ်တွေ့ရှိထားသောလွတ်လပ်မှုကို ဆက်လက်ရှာဖွေ ဖော်ထုတ်နေကြ ရပါမည်။

## အခန်း (၂) မီဒီယာဗဟုဝါဒနှင့် မတူကွဲပြားသည့်အမျိုးအစားစုံလင်သော မီဒီယာများတွင် ပြိုင်ဆိုင်မှုရှိသည့် စီးပွားရေးအနေအထားတစ်ခုနှင့် ပွင့်လင်းမြင်သာသောပိုင်ဆိုင်မှု

မြန်မာနိုင်ငံမီဒီယာအခန်းကဏ္ဍတွင် အစိုးရမှ သိသာထင်ရှားစွာပါဝင်ပတ်သက်နေမှုနှင့် နိုင်ငံပိုင်မီဒီယာကို ဖွံ့ဖြိုးတိုးတက်အောင်ပြုလုပ်မှုတို့ကြောင့် လုပ်ငန်းနယ်ပယ်တွင် ပိုင်ဆိုင်မှုအနေအထားမှာ အထူးသဖြင့် ရုပ်သံလွှင့်မီဒီယာတွင်အမြင့်ဆုံးဖြစ်နေသည်။ ပြည်တွင်းတွင်ထုတ်လွှင့်နေသော ရုပ်သံလွှင့်လုပ်ငန်းများသည် အစိုးရပိုင် လုပ်ငန်းများနှင့် နိုင်ငံတော်နှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်သော ဖက်စပ်လုပ်ငန်းများဖြစ်သည်။ [3] ဖက်စပ်ရုပ်သံလွှင့်ဌာနတစ်ခုချင်းစီသည် ပြန်ကြားရေးဝန်ကြီးဌာနနှင့် သီးခြားသဘောတူစာချုပ်အရဖွဲ့စည်းရသည်။ ထိုကဲ့သို့ စာချုပ်ချုပ်ဆိုမှုများသည်လည်း ပွင့်လင်းမြင်သာမှုမရှိဘဲ အစိုးရ (သို့မဟုတ်) တပ်မတော်နှင့် ပတ်သက်ဆက်နွယ်နေသူများသာ တွဲဖက်လုပ်ကိုင်ခွင့်ရရှိကြသည်။ အဆိုပါစနစ်လက်အောက်တွင် ရုပ်သံလွှင့်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ လုပ်ငန်းပိုင်ဆိုင်မှုပုံစံများ နှင့် အမြတ်ငွေများကို ပြည်သူလူထုအား ဖော်ထုတ်ပြသလေ့မရှိပေ။

မီဒီယာဥပဒေတွင် အသစ်ပြုပြင်ပြောင်းလဲမှုများသည် မီဒီယာဗဟုဝါဒနှင့် ပိုမိုအမျိုးအစား စုံလင်သော မီဒီယာဝန်းကျင်ကောင်းတစ်ခု ရေရှည်ပေါ်ထွန်းလာစေရန် အလားအလာကောင်းများသဖွယ်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လ

---

[3] မြန်မာနိုင်ငံတွင် လိုင်းတိုဖြင့်အသံလွှင့်သော နိုင်ငံခြားသတင်းဌာနများစွာရှိသည်။ ၎င်းတို့တွင် ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ တို့ပါဝင်သည်။ အဆိုပါ သတင်းဌာနများသည် မြန်မာနိုင်ငံတွင် တရားဝင်အသံလွှင့်ဌာနအဖြစ် အသိအမှတ်ပြုထားခြင်းမရှိသောကြောင့် ယခုလေ့လာမှုတွင် မပါဝင်ပါ။ သို့သော်လည်း နိုင်ငံတွင်း သတင်းရင်းမြစ်များအဖြစ် တင်ပြနိုင်သည်။

တွင် ပြဋ္ဌာန်းခဲ့သော ရုပ်သံလွှင့်မီဒီယာဥပဒေတွင် ပုဂ္ဂလိက၊ ပြည်သူနှင့် ရပ်ရွာအခြေပြုအသံလွှင့်လုပ်ငန်းများအား လိုင်စင်လျှောက်ထားခွင့်ပြုသည့်အပြင် နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနကိုလည်း ဆက်လက်တည်ရှိခွင့်ပေးထားသည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အရပ်ဖက်ကောင်စီမှ မီဒီယာကွဲပြားခြားနားမှုနှင့် ဗဟုဝါဒတို့ကို အခြေခံကာ လိုင်စင်များခွဲဝေသတ်မှတ်ရေးကို စီမံဆောင်ရွက်ပေးမည်ဖြစ်သည်။ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းပြီးချိန်မှစပြီးပိုင်ဆိုင်မှုများအပေါ် တိုက်ရိုက်ရည်ညွှန်းထားချက်များ ပြန်လည်အသက်ဝင်လာမည့် ပြဋ္ဌာန်းချက်များပါဝင်နေသည်။

၂၀၁၄ ခုနှစ်မတ်လတွင် ထုတ်ပြန်ခဲ့သော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေသည် ပိုမိုစုံလင်သော ပုံနှိပ်မီဒီယာဝန်းကျင်တစ်ခုဖြစ်လာစေရန် ကတိကဝတ်ပြုထားသည်။ အဆိုပါ ဥပဒေသည် စာပေစိစစ်ရေးကို တရားဝင်ဖျက်သိမ်းနိုင်ခဲ့ပြီး ပုံနှိပ်မီဒီယာလိုင်စင်လျှောက်ထားခြင်းကို မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အစားထိုးထားသည်။ ဆင်ဆာစနစ်ကိုဖျက်သိမ်းလိုက်ခြင်းသည်လည်း နေ့စဉ်ထုတ်သတင်းစာများ ပေါ်ပေါက်လာခြင်း၏ အကြောင်းရင်းတစ်ရပ်လည်းဖြစ်သည်။ အဆိုပါဖြစ်စဉ်သည် နေ့စဉ်ထုတ်သတင်းစာများ တစ်ဟုန်ထိုးပေါ်ပေါက်လာမှုဖြစ်စေသည့်အပြင် မီဒီယာ ဗဟုဝါဒကိုလည်း တိုးမြှင့်စေခဲ့သည်။

ပုံနှိပ်ထုတ်ဝေခြင်းဥပဒေသည် မီဒီယာဗဟုဝါဒဖြစ်ပေါ်စေရေးတွင် ဥပဒေဆိုင်ရာ အခက်အခဲ၊ အတားအဆီး များကို ပယ်ဖျက်နိုင်ခဲ့သော်ငြားလည်း အစိုးရပိုင်မီဒီယာတည်ရှိမှုသည် မမျှတသော စီးပွားရေးဈေးကွက်ကို ဖြစ်ပေါ်စေပြီး အစိုးရ၏မီဒီယာပိုင်ဆိုင်မှုကို သွယ်ဝိုက်မြှင့်တင်ပေးနေသည့်သဖွယ်ဖြစ်နေပါသည်။ ၂၀၁၄ ခုနှစ်တွင် စတင်ပေါ်ထွက်ခဲ့သော နေ့စဉ်ထုတ်သတင်းစာ အများစုမှာ စီးပွားရေးအရ အရှုံးဖြင့်ရပ်တည်ခဲ့ရပါသည်။ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများသည် နိုင်ငံပိုင် အကြီးမားဆုံးပုံနှိပ်မီဒီယာလုပ်ငန်းကြီး နှစ်ခုဖြစ်သည်။ အဆိုပါသတင်းစာ နှစ်စောင်သည် ဖြန့်ချိရေး ကွန်ယက်ကျယ်ပြန့်မှုနှင့် အစိုးရ၏ငွေကြေးစိုက်ထုတ်မှုများကဲ့သို့သော အခွင့်အလမ်းများကြောင့် အခြားသောပြိုင်ဘက်များထက် စောင်ရေအရေအတွက် အပြတ်အသတ်များပြားလျက်ရှိသည်။ အစိုးရကြော်ငြာများ ထည့်သွင်းဖော်ပြရန်နှင့်ပတ်သက်၍ လက်ရှိအချိန်အထိ မည်သည့်လမ်းညွှန်ချက်မျှ ပြဋ္ဌာန်းထားခြင်းမရှိပေ။ လက်တွေ့တွင် အစိုးရကြော်ငြာအများစုမှာ နိုင်ငံပိုင်သတင်းစာများတွင်သာ နေရာယူလေ့ရှိသည်။ ပုဂ္ဂလိကကုမ္ပဏီများသည်လည်း စောင်ရေများစွာဖြန့်ချိနိုင်သော အစိုးရသတင်းစာတွင်သာကြော်ငြာထည့်ရန်လိုလားကြသည်။ အဆိုပါဖြစ်ရပ်များသည် ပုဂ္ဂလိကပုံနှိပ်မီဒီယာများ၏ အဓိကဝင်ငွေရရှိရာရင်းမြစ်ကို လက်လွှတ်လိုက်ရသည့်အပြင် နိုင်ငံပိုင်မီဒီယာမှာလည်း ပြည်တွင်းဈေးကွက်ကို လက်ဝါးကြီး အုပ်ထားသကဲ့သို့ အခြေအနေဖြစ်နေပါသည်။

**အခန်း (၃) ဒီမိုကရေစီကျသောရေးသားပြောဆိုမှုများအတွက် မီဒီယာကိုပလက်ဖောင်းတစ်ခုအဖြစ်အသုံးပြုခြင်း**

နိုင်ငံတစ်နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာသည် ဒီမိုကရေစီစနစ်တွင် ဖော်ထုတ်ရေးသားပြောဆိုနိုင်ခွင့်ကို တိုးမြှင့်အောင်ဆောင်ရွက်ရာ၌ အဓိကကျသော အခန်းကဏ္ဍမှပါဝင်ရုံသာမက ပြည်သူတစ်ဦးချင်းစီအတွက် သိသင့်သိထိုက်သော ဗဟုသုတအချက်အလက်များ ဖြန့်ဝေခြင်းဖြင့် အစိုးရ၏ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပါသည်။ သို့သော် အဆိုပါအခြေအနေများသည် အောက်ပါဖော်ပြထားသော အခြေခံအကြောင်းတရားများ အပေါ်မူတည်နေပါသည်။

ရှေးဦးစွာ မီဒီယာအနေဖြင့် လူ့အသိုက်အဝန်းအလွှာစုံက လိုအပ်နေသော သတင်းအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ရပါမည်။ ထိုသို့ဖြည့်ဆည်းရာတွင်လည်း အစိုးရပိုင်၊ ပုဂ္ဂလိကပိုင် သာမက ရပ်ရွာအခြေပြု မီဒီယာလုပ်ငန်းများမှတစ်ဆင့် မီဒီယာအမျိုးအစားအစုံအလင်နှင့် ဘာသာစကား အမျိုးမျိုးကိုအသုံးပြုပြီး သတင်းအချက်အလက်များကို ဖြန့်ဝေခြင်းဖြစ်သည်။ ပုံနှိပ်မီဒီယာများအနေဖြင့် အချို့ဒေသများသို့ ရောက်ရှိရန်ခက်ခဲသော်လည်း အစိုးရပိုင်ရုပ်သံလွှင့်လုပ်ငန်းဖြစ်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရေဒီယိုအသံလွှင့်ဌာနမှသာမက ရုပ်မြင်သံကြားဌာန မှလည်း အဓိကတိုင်းရင်းသားဘာသာစကားများဖြင့် သတင်းများထုတ်လွှင့်လာနိုင်ပြီဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားအများစုသည် အစိုးရမှထုတ်လွှင့်သောသတင်းများကို ၎င်းတို့နားလည်သော ဘာသာစကားတစ်မျိုးတည်းနှင့်သာ ရယူနေကြရခြင်းပင်ဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနမှာလည်း အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်းအသွင်ကူးပြောင်းလျက်ရှိပါသည်။ ဥပဒေအရ အသွင်ပြောင်းခြင်းလုပ်ငန်းစဉ်တွင် အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ရုတ်သိမ်းထားဆဲဖြစ်သော်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာမူ တိုင်းရင်းသားဘာသာစကားများနှင့်သတင်းများထုတ်လွှင့်ခြင်း၊ ထုတ်လွှင့်မှုကွန်ယက်ချဲ့ထွင်ခြင်း၊ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းများပြုလုပ်ပြီး အသွင်ကူးပြောင်းမှု လုပ်ငန်းများကို တစ်စိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ သို့သော်ငြားလည်း တစ်ဦးတည်းမှလက်ဝါးကြီးအုပ်ထားသော အထူးသဖြင့် အစိုးရပိုင်မီဒီယာအနေဖြင့် လူ့အဖွဲ့အစည်းတွင် လိုအပ်လျက်ရှိသော သတင်းအချက်အလက်မျိုးစုံကို ဖြည့်စွမ်းပေးနိုင်မည်မဟုတ်ပေ။

ဖက်စပ်ရုပ်သံလွှင့်လုပ်ငန်းများမှာမူ ပြည်သူလူထုအများစုထံသို့ သတင်းအချက်အလက်များ ပိုမိုရောက်ရှိနိုင်ရန်ဆောင်ရွက်ပေးနိုင်သော်လည်း အဆိုပါမီဒီယာများမှာ သတင်းပေးရန်နှင့် ပြန်ကြားပေးရန်ထက် ဖျော်ဖြေရေးအစီအစဉ်ကိုပိုမိုဦးစားပေးကြသည်။ ၎င်းတို့တင်ပြသော သတင်းများမှာလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနကို ပုံမှန်အားဖြင့်သတင်းရင်းမြစ်လုပ်ထားသော သတင်းများပင်ဖြစ်သည်။ နောက်ပိုင်းတွင်မူ ဖက်စပ်လုပ်ကိုင်သော ရုပ်သံလွှင့်လုပ်ငန်းများသည် အခြားလွတ်လပ်သောမီဒီယာအဖွဲ့အစည်းများမှဖြစ်စေ၊ ၎င်းတို့ကိုယ်တိုင် သတင်းရယူခြင်းဖြင့်ဖြစ်စေ သတင်းများကိုတင်ဆက်လာကြသည်။ ထိုကဲ့သို့အခြေအနေကောင်းများ ပေါ်ထွန်းလာလင့်ကစား ကြီးမားကျယ်ပြန့်သော ရုပ်သံလွှင့်လုပ်ငန်းများနှင့် အစီအစဉ်ထုတ်လုပ်သူအများအပြားလိုအပ်လျက်ရှိပါသည်။ သို့မှသာ ယှဉ်ပြိုင်မှုများပြားလှသော မီဒီယာနယ်ပယ်တွင် စီးပွားရေးနှင့် နိုင်ငံရေးအနှောင့်အယှက်များမှကင်းဝေးသော ပုဂ္ဂလိက၊ အစိုးရနှင့် ရပ်ရွာ အခြေပြုမီဒီယာများရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။

လူ့အသိုင်းအဝိုင်းအလွှာအားလုံးကလိုအပ်သော သတင်းအချက်အလက်များအတွက် ပံ့ပိုးပေးခြင်းဆိုသည်မှာ ထိုအလွှာအားလုံးပါဝင်သောသတင်းများရယူဖော်ပြနိုင်မှသာ ၎င်းတို့၏အမြင်များကိုကြားသိနိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ မီဒီယာလုပ်ငန်းအတွင်း တိုင်းရင်းသားများနှင့် ကျား၊ မ အချိုးညီညီခန့်ထားမှုမရှိခြင်းသည် လုပ်ငန်းခွင်အတွင်းဘက်လိုက်မှုများကို ဖြစ်ပေါ်စေသည်။ တိုင်းရင်းသားမီဒီယာများမှတစ်ပါး အဓိကမီဒီယာလုပ်ငန်းတွင် လူနည်းစုတိုင်းရင်းသားများကို ခန့်ထားပေးမှုနည်းပါးနေသေးသည်။ အမျိုးသမီးများသည် မီဒီယာလုပ်ငန်းများတွင် ဝန်ထမ်းများအဖြစ် ကောင်းစွာနေရာယူ နိုင်ကြသော်လည်း ရာထူးကြီးနေရာများရယူနိုင်မှုအရေအတွက် အချိုးအစားမှာများစွာ နည်းနေ

သေးသည်။ အများအားဖြင့် ၎င်းတို့မှာ အလှအပရေးရာ၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး၊ ဖျော်ဖြေရေးနှင့် အနုပညာသတင်းများ ကဲ့သို့သော ပေါ့ပေါ့ပါးပါး အကြောင်းအရာများကိုသာ တာဝန်ယူကြရသည်။

ဒုတိယအချက်မှာ အရည်အသွေးမီ မီဒီယာလုပ်ငန်းတည်ထောင်ရန်၊ နစ်နာချက်၊ မကျေနပ်ချက်များ တိုင်တန်းရန် နှင့် မှန်ကန်ပြီးဘက်လိုက်မှုကင်းသောသတင်းများ ဖော်ပြရန် အမှီအခိုကင်းစွာကြီးကြပ်ပေးမည့် စနစ်တစ်ခုတည်ရှိရပါ မည်။ နောက်ဆုံးတွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) ကို ၂၀၁၂ခုနှစ်တွင်ဖွဲ့စည်းခဲ့သည်။ ယင်းကောင်စီမှ သတင်းမီဒီယာကျင့်ဝတ်မူကြမ်းကိုရေးဆွဲကာ ၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့ပြီး သတင်းမီဒီယာဥပဒေနှင့် သတင်းမီဒီယာ ကျင့်ဝတ်ချိုးဖောက်ခြင်းများကြောင့် ဖြစ်ပေါ်ခဲ့သော နစ်နာမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို ရွေးကောက်တင်မြှောက်ကာ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) နေရာတွင် စာနယ်ဇင်းသမားများအငြင်းပွားမှုနှင့် တိုင်ကြားမှုများကို ညှိနှိုင်းဖြေရှင်းပေးသော မီဒီယာကိုထိန်းကျောင်းသည့်အဖွဲ့အစည်းအဖြစ် အစားထိုးခဲ့သည်။ အလားတူ ရုပ်သံလွှင့်ဥပဒေကလည်း ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာကောင်စီနှင့် ရုပ်သံလွှင့်ကဏ္ဍအတွက် မူဝါဒများရေးဆွဲရန် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းရန် တိုက်တွန်းထားပါသည်။ ယင်းကောင်စီတွင်ပါဝင်မည့် အရပ်ဖက် အဖွဲ့ဝင် များသည် လိုင်စင်ချပေးရန်စိစစ် ခွင့်ပြုခြင်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် လိုက်နာရမည့်ကျင့်ဝတ်များ ရေးဆွဲပြဋ္ဌာန်းခြင်း တာဝန်များယူရမည်ဖြစ်သည်။ ယင်းတိုးတက်မှုကောင်းများသည် ထိရောက်သော မီဒီယာကိုယ်တိုင် ထိန်းကျောင်းနိုင်သည့် အခြေခံအုတ်မြစ်အဖြစ်မြင်နိုင်သော်လည်း လက်ရှိအချိန်တွင်မူ အရည်အချင်းပြည့်မီပြီး ဘက်လိုက်မှုမရှိအောင် ဆောင်ရွက်ရန် လုံလောက်မှုမရှိသေးပေ။

တတိယအချက်အနေဖြင့် မီဒီယာသည် သတင်းအချက်အလက်တိုင်းအတွက်ယုံကြည်ရသော သတင်းရင်းမြစ် ဖြစ်မှသာ လူထုမှယုံကြည်ကိုးစားလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အစိုးရမီဒီယာသည် သတင်းအချက်အလက်အားဖြင့် မှန်ကန်သော်လည်း အကြောင်းအရာအားဖြင့်ဘက်လိုက်တင်ပြလေ့ရှိသည်ဟု ယေဘုယျအားဖြင့် လူထုကလက်ခံထား သည်။ အကြောင်းအရာများသည် အစိုးရ၏ဆောင်ရွက်ချက်များနှင့် ကောင်းသည့်အဖြစ်အပျက်များကိုသာ ဖော်ပြလေ့ရှိ ပြီး နိုင်ငံရေးအရ ထိရှလွယ်သည့်အကြောင်းအရာများဖြစ်သော မြေယာသိမ်းသည့်ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုများနှင့် အကျင့်ပျက်ခြစားမှုများကို ဖော်ပြမှုနည်းပါးသည်။ ပုဂ္ဂလိကမီဒီယာအတွင်းတွင်လည်း ဘက်လိုက်မှု များ အခိုင်အမာတည်ရှိနေသည်။ အချို့သောပုဂ္ဂလိကပုံနှိပ်မီဒီယာများသည် အစိုးရနှင့် နီးစပ်မှသာ သို့မဟုတ် အစိုးရအဖွဲ့ အတွင်းပါမှသာ နိုင်ငံရေးနှင့်စီးပွားရေးအကျိုးအမြတ်မြှင့်တင်နိုင်မည်ဟု ယူဆကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် အစိုးရ အား ပြင်းထန်စွာဆန့်ကျင်သည့်အကြောင်းအရာများပုံနှိပ်ဖော်ပြလေ့ရှိသော မီဒီယာအချို့သည်လည်း အကြောင်းအရာ မှန်ကန်ရေးထက် ၎င်းတို့၏ အမြတ်အစွန်းကိုသာ အလေးပေးကြသည်။

စတုတ္ထအချက်မှာ ခြိမ်းခြောက်၊ နှောင့်ယှက်ခံရမည့်အကြောင်းများရှိနေသည့် လုံခြုံစိတ်ချရမှုမရှိသော ဝန်းကျင်တွင် သတင်းထောက်နှင့် မီဒီယာသမားများအလုပ်လုပ်ကိုင်ကြရမည်ဆိုလျှင် မီဒီယာသည် ဘက်မလိုက်ပဲ မျှတစွာ

ရေးသားဖော်ပြမည်ဟု မျှော်လင့်နိုင်မည်မဟုတ်ပေ။ လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် အစိုးရမှ လွတ်လပ်သောမီဒီယာကိုမြှင့်တင်ပေးရန် ဆောင်ရွက်နေလင့်ကစား တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အထူးစုံစမ်းရေးတပ်ဖွဲ့များက မီဒီယာသမားများကို ဆက်လက်စောင့်ကြည့်ခြင်း၊ နှောင့်ယှက်ခြင်းနှင့် ရံဖန်ရံခါတွင် ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းများကိုပါပြုလုပ်လျှက်ရှိကြသည်။ မီဒီယာသမားများဘေးကင်းလုံခြုံမှုမှာနယ်မြေဒေသအလိုက်မတူညီပေ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းကဲ့သို့သော ပဋိပက္ခဖြစ်ပွားရာဒေသများတွင် မီဒီယာသမားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့် နှောင့်ယှက်မှုများ ပိုမိုရှိနေကြောင်း သတင်းသမားများကို တွေ့ဆုံမေးမြန်းချက်များအရသိရှိရသည်။ အန္တရာယ်များသော ပတ်ဝန်းကျင်တွင်လုပ်ကိုင်နေကြရသော သတင်းသမားများစွာရှိနေလင့်ကစား ၎င်းတို့ အလုပ်ရှင်များ၏ ဘဏ္ဍာရေး အကန့်အသတ်များကြောင့် သတင်းသမားများစွာမှာ လုံခြုံရေးအတွက် အကာအကွယ် အနည်းငယ်မျှသာရရှိပြီး တစ်ခါတရံ မည်သည့်အကာအကွယ်မှမရရှိပေ။

**အခန်း (၄) လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ အမျိုးအစားများပြားစုံလင်မှုနှင့် မတူကွဲပြားမှုတို့ကို အားကောင်းညီညွတ်စေမည့် ကျွမ်းကျင်အရည်အသွေး မြှင့်တင်ရေးနှင့် ပံ့ပိုးပေးမည့် အဖွဲ့အစည်းများ**

မြန်မာနိုင်ငံ၌ တိုးတက်များပြားလာနေသည့် မီဒီယာလုပ်ငန်းသစ်များကြောင့် အရည်အသွေးနှင့် ကျွမ်းကျင်မှုနည်းပါးသည့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ သတင်းထောက်လုပ်ရန် စိတ်အားထက်သန်သည့် လူငယ်များစွာ မီဒီယာတိုက်အဟောင်းနှင့် အသစ်နှစ်မျိုးစလုံးတွင် အများအပြား လုပ်ကိုင်လျှက် ရှိကြသည်။ မြန်မာသတင်းပညာသိပ္ပံ၏ ခန့်မှန်းချက်အရ စုစုပေါင်း သတင်းသမားဦးရေ ၄၀၀၀ ခန့် မြန်မာနိုင်ငံတွင် အလုပ်လုပ်ကိုင်လျှက်ရှိကြပြီး အများစုမှာ သတင်းလုပ်ငန်းအတွေ့အကြုံ မရင့်ကျက်ကြသေးပေ။[4] လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မီဒီယာသင်တန်းကျောင်းများစွာ ပေါ်ထွက်လာခဲ့သော်လည်း လက်တွေ့သင်ကြားသည့်သင်တန်းများစွာ လိုအပ်နေဆဲပင်ဖြစ်သည်။ လက်တစ်ဆုပ်စာ သင်တန်းကျောင်းကြီးများရှိသော်လည်း သင်တန်းကျောင်းအများစုမှာ သေးငယ်ပြီး ပုံမှန်ဖွင့်လှစ်နိုင်ခြင်းမျိုးမရှိပေ။

"သင်တန်းများလိုအပ်ကြောင်းအကဲဖြတ်လေ့လာမှု"[5] ၏ တွေ့ရှိချက်များကညွှန်ပြနေသည်မှာ အခြေခံသတင်းစာပညာသင်ရိုးများနှင့် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းများ လိုအပ်နေဆဲဖြစ်သည်။ ထို့အပြင် မီဒီယာစီမံခန့်ခွဲသူများက ရုပ်သံလွှင့်နှင့် အွန်လိုင်းသတင်းလုပ်ငန်းအတွက် သင်တန်းများ ပိုမိုလိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။ ထိုကဲ့သို့ လိုအပ်ရခြင်းမှာ ပြည်သူအများစုသည် ၎င်းတို့အတွက် သတင်းအချက်လက်များကို တီဗွီနှင့် ရေဒီယိုများမှရရှိနေကြခြင်းနှင့် အင်တာနက်သုံးစွဲမှု မြင့်တက်လာခြင်းကြောင့်ဖြစ်သည်။ မီဒီယာမန်နေဂျာများကလည်း မီဒီယာစီမံခန့်ခွဲရေးအတွက် သင်တန်းများလိုအပ်ကြောင်းနှင့် အထူးသဖြင့် ဝေးလံသည့်နေရာများတွင် အခြေပြုသည့်တိုင်းရင်းသား ပုံနှိပ်မီဒီယာ

---

[4] ခန့်မှန်းထားသော သတင်းသမားဦးရေ ၄၀၀၀ တွင် နိုင်ငံပိုင်မီဒီယာတွင် လုပ်ကိုင်နေကြသော သတင်းသမားများနှင့် အခြားမီဒီယာလုပ်သားများ မပါဝင်ပါ။ ကိန်းဂဏန်းများကို မီဒီယာကျွမ်းကျင်သူများက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး ပံ့ပိုးထားခြင်းဖြစ်သော်လည်း ကိန်းဂဏန်း အတိအကျ မရနိုင်သည့်အပြင် ယေဘုယျအားဖြင့်လည်း သတင်းထောက်ဟုသာ ဆိုလိုခြင်းမဟုတ်ပေ။

[5] DW Akademie and CFI (2015). ***မြန်မာနိုင်ငံတွင် သတင်းသမားများအတွက် သင်တန်းများလိုအပ်ချက်အကဲဖြတ်မှတ်တမ်း။*** ရန်ကုန်၊ မြန်မာ

လုပ်ငန်းလေးများအတွက် ပိုမိုလိုအပ်ကြောင်း ထောက်ပြခဲ့ကြသည်။ ပဋိပက္ခဂရုပြုသတင်းရေးသားခြင်းသင်တန်းများလည်း ပိုမိုလိုအပ်လျှက်ရှိပါသည်။

မီဒီယာလုပ်ငန်းအတွက်သင်တန်းလိုအပ်ချက်သည် သင်တန်းအကြောင်းအရာကို ဈေးကွက်တောင်းဆိုချက်အရ ဖွင့်လှစ်ခြင်းမျိုးမဖြစ်သင့်ပေ။ ပထမအချက်မှာ ငွေကြေးပြဿနာပင်ဖြစ်သည်။ သတင်းထောက်အများစုသည် ထောက်ပံ့မှု မပေးသောသင်တန်းများသို့ တက်ရောက်ရန် မတတ်နိုင်သကဲ့သို့ မီဒီယာတိုက်အများစုသည်လည်း သင်တန်းအတွက် ငွေကြေးမရှိကြပါ။ ဒုတိယအချက်မှာ သင်တန်းအများစုသည် စီးပွားရေး မြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင်သာ ဖွင့်လှစ်ကြခြင်းကြောင့်ဖြစ်သည်။ ပထဝီဝင်အနေအထားအရကျယ်ပြန့်ပြီး အခြေခံအဆောက်အအုံလိုအပ်ချက်မြင့်မားသော မြန်မာနိုင်ငံတွင် ဝေးလံသောဒေသများမှ ရန်ကုန်မြို့သို့ရောက်ရှိရန် အချိန်နှင့်ငွေကြေး အတိုင်းအတာတစ်ခုအထိ လိုအပ်ပါ သည်။ တတိယအချက်မှာ သင်တန်းအများစုသည် အင်္ဂလိပ်ဘာသာစကား (သို့မဟုတ်) မြန်မာဘာသာစကားဖြင့်သာ သင်ကြားခြင်းကြောင့်ဖြစ်သည်။ ယင်းအချက်သည် လူနည်းစု တိုင်းရင်းသားသတင်းသမားများလာရောက်ရန် အတား အဆီးတစ်ခုဖြစ်နေပေသည်။ စတုတ္ထအချက်မှာ ရန်ကုန်ပြင်ပတွင်တည်ရှိသော မီဒီယာတိုက်ငယ်လေးများသည် သင်တန်း များဖွင့်လှစ်ခြင်းကို မသိရှိလိုက်ကြခြင်းပင်။ သင်တန်းများဖွင့်လှစ်သည့် သတင်းကိုယေဘုယျအားဖြင့် ရန်ကုန်မြို့ရှိ သတင်းသမားများနှင့် မီဒီယာစီမံခန့်ခွဲသူများ အချင်းချင်းချိတ်ဆက်ပြီး သတင်းဖြန့်ဝေကြသော်လည်း နိုင်ငံအတွင်း အခြား ဒေသများရှိ မီဒီယာတိုက်များသည် အဆိုပါသတင်းဖြန့်ဝေမှုများကိုရရှိရန် ခက်ခဲကြသည်။

မီဒီယာတိုက်များနှင့် မီဒီယာသမားများ၏ သင်တန်းဖွင့်လှစ်ရေးနှင့် တက်ရောက်ရေးအတွက် ငွေကြေးအကန့် အသတ်များရှိနေသောကြောင့် မြန်မာနိုင်ငံရှိ မီဒီယာသင်တန်းကျောင်း အများစုသည် လိုအပ်သောငွေကြေး အထောက် အပံ့များကို နိုင်ငံတကာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများထံမှရယူကြရသည်။ ယင်းအဖွဲ့အစည်းများက သင်တန်း များဖွင့်လှစ်ပံ့ပိုးရာတွင် အခကြေးငွေမယူခြင်း (သို့မဟုတ်) သင်တန်းသားများကို ငွေကြေးထောက်ပံ့ခြင်းများ ပြုလုပ်လာ ကြသည်။ နိုင်ငံ၏မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဲ့သို့ပံ့ပိုးပေးခြင်းမျိုး လိုအပ်သော်လည်း အလှူရှင်၏ ထောက်ပံ့ငွေအပေါ်မူတည်ပြီး အမှန်တကယ်လိုအပ်သောသင်တန်းများထက် ပုံမှန်ဖွင့်လှစ်နိုင်ခြင်းမဟုတ်ဘဲ ရေပန်းစား သောအကြောင်းအရာများကိုဦးတည်သော သင်တန်းများကိုသာ ဖွင့်လှစ်နိုင်ခဲ့သည်။

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် (ယခု အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်) သည် မြန်မာနိုင်ငံတွင် မီဒီယာပညာနှင့်ပတ်သက်သောဘွဲ့ပေးသည့် တစ်ခုတည်းသော တက္ကသိုလ်အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယင်းကောလိပ်ရှိ သတင်းအတတ်ပညာဌာနသည် လေးနှစ်ကြာ သင်ယူရသော ဝိဇ္ဇာဘွဲ့ (သတင်းအတတ်ပညာ)ကိုပေးအပ်သည်။ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သည် ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင် လွန်ခဲ့သောနှစ်များကထက် အမှီအခိုကင်းစွာရပ်တည်နိုင်ခဲ့သည်။ နိုင်ငံခြားတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်လာနိုင်ခဲ့ပြီး နိုင်ငံတကာအဖွဲ့ အစည်းများနှင့်ပူးပေါင်းပြီး သုတေသနလုပ်ငန်းများ လုပ်ဆောင်လာနိုင် ခဲ့ပါသည်။ ဤမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအညွှန်းကိန်းများ သုတေသနလုပ်ငန်းမှာ နမူနာတစ်ခုဖြစ်ပါသည်။ ယူနက်စကို၏ အကူအညီဖြင့် သတင်းအတတ်ပညာဌာန၏ သင်ရိုးညွှန်းတမ်းကိုမြှင့်တင်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ မီဒီယာပညာရေးကို

ဖော်ဆောင်နိုင်ခဲ့သည်။ ဘဏ္ဍာရေးအရ ကန့်သတ်ချက်များရှိနေသော်လည်း အဆိုပါတိုးတက်မှုများ သည် ဌာန၏အရည်အသွေးနှင့် ဘွဲ့ရများ၏ အရည်အချင်းကို ဆက်လက်မြှင့်တင်ပေးနိုင်ခဲ့သည်။ မြန်မာသတင်းပညာသိပ္ပံသည် ပုံမှန် အားဖြင့် တက္ကသိုလ်ပညာရေးအဖွဲ့အစည်းမဟုတ်သော်လည်း သင်တန်းသားများအား မာလ်တီမီဒီယာဖြင့် တစ်နှစ် တက်ရောက်သင်ယူရသည့် ဒီပလိုမာဘွဲ့ပေးအပ်ပါသည်။ သတင်းပညာသိပ္ပံကို နိုင်ငံတကာအလှူရှင်များက စုပေါင်းတည်ထောင်ခြင်းဖြစ်သော်လည်း စီမံခန့်ခွဲမှုအပိုင်းကို ပြည်တွင်းမီဒီယာလုပ်ငန်းများမှ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရန် ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့အစည်း နှစ်ခုစလုံးသည် လိုအပ်ချက်များကို ဖြည့်စွမ်းလျှက်ရှိသော်လည်း မြန်မာနိုင်ငံအတွက် များစွာလိုအပ်လျှက်ရှိနေသေးသော သတင်းအတတ်ပညာသင်တန်းများကို ၎င်းတို့ဖြင့်သာ လုံလောက်အောင် ဖြည့်စွမ်းပေးနိုင်မည် မဟုတ်ပါ။

စာနယ်ဇင်းအဖွဲ့အစည်းများဖြစ်ကြသော မြန်မာနိုင်ငံသတင်းစာဆရာများအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက် နှင့် မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂတို့သည် နိုင်ငံအတွင်းအင်အားအကောင်းဆုံးအဖွဲ့အစည်းများဖြစ်ကြသည်။ သို့သော် အဆိုပါ အဖွဲ့အစည်းများသည် မီဒီယာလုပ်ငန်းနယ်ပယ်ရှိ အလုပ်သမားများ၏ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိသောကြောင့် ယင်းတို့ကို သမားရိုးကျ အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများကဲ့သို့ သတ်မှတ်၍မရပါ။ လက်ရှိအခြေအနေတွင် ၎င်းတို့ကို မီဒီယာလုပ်ငန်းနယ်ပယ်အတွက် ကျယ်ကျယ်ပြန့်ပြန့်ပံ့ပိုးပေးနိုင်သော၊ အဖွဲ့ဝင်များကိုအခြေပြုသည့် အဖွဲ့အစည်းများအဖြစ် ရှုမြင်နိုင်ပါသည်။ ၎င်းအဖွဲ့အစည်းများသည် သတင်းသမားများအကြားတွင် သတင်းအချက် အလက်များ ဖြန့်ဖြူးပေးရန်နှင့် အသင်းဝင်များအတွက် သင်တန်းများတက်ရောက်နိုင်ရန် အသုံးဝင်သောကွန်ရက်များလည်း ဖြစ်ကြသည်။

၎င်းအဖွဲ့အစည်းများ၏ သတင်းသမားများအား ပံ့ပိုးကူညီပေးနိုင်စွမ်းမှာ အကန့်အသတ်ရှိနေသေး သည်။ ကွင်းဆင်းသုတေသနတွေ့ရှိချက်များအရ ယင်းအဖွဲ့အစည်းများသည် အထူးသဖြင့် ရန်ကုန်ပြင်ပ၌ ယုံကြည်မှုနှင့် ထောက်ခံမှု ကျယ်ကျယ်ပြန့်ပြန့်မရရှိကြပါ။ အဆိုပါအချက်များကြောင့် လက်တလောတွင် ဒေသအလိုက် အခြေပြုသော စာနယ်ဇင်းအဖွဲ့အစည်းများတည်ထောင်လာခဲ့ကြသည်။ ၎င်းအဖွဲ့အစည်းများအနေနှင့် အဖွဲ့ဝင်များနှင့် နီးနီးကပ်ကပ် ထိတွေ့ဆက်ဆံပြီး ဒေသအလိုက် စာနယ်ဇင်းပြဿနာရပ်များကို ကောင်းစွာသိနားလည်သည်ဟု ဆိုသော်ငြားလည်း အဖွဲ့ဝင်နည်းပါးမှုနှင့် ငွေကြေးအခက်အခဲများက ၎င်းတို့၏ လုပ်ဆောင်နိုင်စွမ်းကို အကန့်အသတ်ဖြစ်စေခဲ့သည်။ အမှန်တကယ်ကိုယ်စားပြုမှုရှိရမည့်လိုအပ်ချက်နှင့် အဖွဲ့များအပိုင်းပိုင်းကွဲမည့် အန္တရာယ်အကြား ဟန်ချက်ညီအောင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိအရပ်ဖက်အဖွဲ့အစည်းများသည် သန္ဓေတည်ကာစဖြစ်သောကြောင့် မီဒီယာကိုစောင့်ကြည့် လေ့လာရန် နှင့် မီဒီယာနှင့်ပတ်သက်၍သိနားလည်မှု (media literacy) ကို ကျယ်ကျယ်ပြန့်ပြန့်မလုပ်ဆောင်နိုင်သေးပေ။ လူမှုကွန်ရက်ဝက်ဘ်ဆိုက်များသည် နိုင်ငံအတွင်း ဘာသာရေးဆိုင်ရာပုတ်ခတ်စော်ကားမှုများနှင့် အမုန်းစကားများ ပွားများရာရင်းမြစ်တစ်ခုဖြစ်လာ လျက်ရှိသည်။ ထို့ကြောင့်အရပ်ဖက်အဖွဲ့အစည်းများနှင့် မီဒီယာများအကြား နှစ်ဦးနှစ်ဖက် ဆက်ဆံရေးတိုးမြှင့်ကာ အဆိုပါအဖွဲ့အစည်းများမှ ပုံမှန်ပညာပေးသည့်စနစ်ဖြင့် အွန်လိုင်းမီဒီယာစာပေအစီအစဉ်များ

ကိုအသုံးပြုပြီး အဆိုပါအခြေအနေကိုကိုင်တွယ်ဖြေရှင်းရန် အကြံပြုခဲ့ကြသည်။ အရပ်ဖက်အဖွဲ့အစည်းနှင့် မီဒီယာများ အကြား အများဆုံးတိုက်ရိုက်ချိတ်ဆက်မှုကို တိုင်းရင်းသားအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားမီဒီယာ လုပ်ငန်းများအကြားတွင် တွေ့မြင်နိုင်ပါသည်။ အများအားဖြင့် ယင်းတို့သည် တူညီသည့်တစ်ခုတည်းသော အဖွဲ့အစည်းများသာ ဖြစ်ကြသည်။ အရပ်ဖက်အဖွဲ့အစည်းအများအပြားသည်လည်း စာနယ်ဇင်းလွတ်လပ်ခွင့်ပိုမိုရရှိရေးအတွက် ဦးစီး ဦးဆောင်ပြုကြပြီး သတင်းသမားများထောင်ချခံရခြင်းများကို ဆန့်ကျင်လှုပ်ရှားမှုများတွင်လည်း ကူညီပေးလျက်ရှိကြ သည်။

**အခန်း(၅) အမှီအခိုကင်းပြီး အမျိုးအစားစုံလင်သော မီဒီယာအားပံ့ပိုးပေးရန်အလုံအလောက်ရှိရမည့် အခြေခံ အဆောက် အအုံများ၏ အရည်အသွေး**

၂၀၁၃ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သောဆက်သွယ်ရေးဥပဒေသည် ဆက်သွယ်ရေးကဏ္ဍတွင် ထူးခြားသော ပြုပြင် ပြောင်းလဲမှုဖြစ်ခဲ့ပြီး နိုင်ငံအတွင်း မိုဘိုင်းဖုန်းကွန်ရက်နှင့် အင်တာနက်ရယူသုံးစွဲမှု၏ ရှေ့ပြေးဖြစ်ခဲ့သည်။ အဆိုပါ ဥပဒေ အရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပေးခဲ့ပြီး ယခုအခါတွင် မြန်မာနိုင်ငံ၌ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးသောလုပ်ငန်း (၃) ခုရှိပါသည်။ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကအား လုပ်ကိုင်ခွင့်ပြု လိုက်သောကြောင့် ဖုန်းဆင်းကဒ်များ၏တန်ဖိုး တဟုန်ထိုးကျဆင်းခဲ့ပြီး ပြည်သူအများစု မိုဘိုင်းဖုန်းပိုင်ဆိုင် သုံးစွဲလာနိုင် ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် မိုဘိုင်းဖုန်းပိုင်ဆိုင်မှုသိသာထင်ရှားစွာ တိုးတက်ခဲ့သည်။ ၂၀၁၅ခုနှစ် ဇူလိုင်လ၌ မိုဘိုင်းဖုန်းသုံးစွဲသူဦးရေ စုစုပေါင်းမှာ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော် (၂၉)သန်းနီးပါးရှိခဲ့သည်။

မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူဦးရေကို ကိန်းဂဏန်းအတိအကျရရှိရန်ခက်ခဲသော်လည်း အခိုင်အမာ ပြောနိုင်သည်မှာ မိုဘိုင်းဖုန်းသုံးစွဲမှုကျယ်ပြန့်လာသည်နှင့်အတူ အင်တာနက်ရယူသုံးစွဲမှုသည်လည်း ဟန်ချက်ညီညီ တိုးတက်လာခဲ့သည်။ လက်ရှိတွင် သတင်းအချက်အလက်နှင့်နည်းပညာအသုံးပြုမှု လေ့လာချက် (၂၀၁၅)[6] ၏ တွေ့ရှိချက် အရ အင်တာနက်အခြေပြု မိုဘိုင်းလ်ဖုန်းအပလီကေးရှင်းများဖြစ်သော ဖေ့စ်ဘွတ်၊ မက်ဆန်ဂျာ နှင့် အီးမေးလ်များသည် မြန်မာနိုင်ငံရှိ အင်တာနက်အသုံးပြုသော လူထုအကြားတွင် အချိန်တိုအတွင်း အဓိကသုံးစွဲသောအရာများ ဖြစ်လာသည်။

အင်တာနက်လိုင်းနှုန်းကို အလုံအလောက်တိုးချဲ့ထားသော်လည်း နိုင်ငံ၏ ပြည်ပအင်တာနက် ဆက်သွယ်ရေး လမ်းကြောင်းများမှာ လက်ရှိအချိန်အထိ ကြံ့ခိုင်မှုနှင့် လုံလောက်စွာ ပံ့ပိုးပေးနိုင်မှု ‌မရှိသေးပေ။ အင်တာနက်လိုင်းနစ်ခု ထပ်မံတည်ဆောက်နေပြီး ၂၀၁၆ ခုနှစ်အတွင်း လုပ်ငန်းလည်ပတ်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်ပြီးလျှင် အင်တာနက်လိုင်းနှုန်းအသုံးပြုခြင်းနှင့်ပတ်သက်၍ ကြီးမားသောတိုးတက်မှုဖြစ်လာလိမ့်မည်။ ၂၀၁၂ ခုနှစ်တွင် အင်တာနက်ဆင်ဆာပြုလုပ်ခြင်းကို ရပ်ဆိုင်းလိုက်ခြင်းနှင့်အတူ အဆိုပါတိုးတက်လာမှုများကြောင့် ပြည်သူလူထု၏ သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့် သိသိသာသာ ဆက်လက်တိုးတက်လာလိမ့်မည်ဟု ယူဆရသည်။

---

[6] Galpaya, H., Zainudeen, A., & Suthaharan, P. (2015). ***မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နည်းပညာနှင့် အသိပညာရရှိနိုင်မှု အခြေပြုလေ့လာချက်*** LIRNE asia website မှ ထုတ်နုတ်တင်ပြသည်။

ယင်းတိုးတက်မှုရှိလင့် ကစား သတင်းအချက်အလက်နည်းပညာနှင့်ပတ်သက်သော အညွှန်းကိန်းများတွင် မြန်မာနိုင်ငံသည် နိုင်ငံအများအပြား ၏ နောက်တွင် ရှိနေဆဲဖြစ်သည်။ ဆက်သွယ်ရေးကဏ္ဍ၏ ကွာဟချက် ကျဉ်းမြောင်းသွားစေရန်အတွက် အချိန်နှင့်တပြေးညီ ပြုပြင်ပြောင်းလဲရေးများကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

မီဒီယာ၏သတင်းအချက်အလက်နှင့်နည်းပညာသုံးစွဲမှုမှာ အထူးသဖြင့် ပုံနှိပ်မီဒီယာတွင် အကန့်အသတ်ရှိနေဆဲ ဖြစ်သည်။ ရန်ကုန်တွင်အခြေစိုက်သော ပုံနှိပ်မီဒီယာတိုက်ကြီးများသာ ယင်းတို့၏ ဝန်ထမ်းများကို ခေတ်မီအသံနှင့် ရုပ်မြင်ပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းများပံ့ပိုးပေးနိုင်ကြပြီး မီဒီယာတိုက်ငယ်လေးများသည် များသောအားဖြင့် ထိုသို့ ဆောင်ရွက်ပေးရန် ငွေကြေးလုံလောက်မှုမရှိပါ။ မီဒီယာတိုက်ငယ်လေးများသည် အများအားဖြင့် မှတ်တမ်းမှတ်ရာများ (သို့မဟုတ်) ရည်ညွှန်းကိုးကားစာအုပ်များ ရယူသုံးစွဲနိုင်ခြင်းမရှိကြပါ။ မီဒီယာတိုက်အများစုသည် ၎င်းတို့၏ ကိုယ်ပိုင် ဝက်ဆိုက်(သို့မဟုတ်) ဖေ့စ်ဘွတ်စာမျက်နှာများဖြင့် အွန်လိုင်းတင်ဆက်မှုများရှိသော်လည်း အများစုမှာ အွန်လိုင်းမီဒီယာ ကို ၎င်းတို့အတွက် ကြည့်ရှုသူဦးရေများလာအောင်နှင့် အကျိုးအမြတ်အများဆုံး ရနိုင်သလောက်ရအောင် မည်ကဲ့သို့ ထိထိရောက်ရောက် သုံးစွဲရမည်ကို မသိရှိကြပေ။ သတင်းဝက်ဘ်ဆိုက်အများစုသည် တိုက်များ၏ထွက်ရှိပြီး သတင်းစာ ဂျာနယ်များတွင်ပါရှိပြီးသတင်းများကိုသာဖော်ပြကြခြင်းဖြစ်သည်။ အွန်လိုင်းတွင် စာဖတ်သူများ၏ တုံ့ပြန်မှုနှင့် ပါဝင်နိုင်မှု အတွက် လမ်းကြောင်းအနည်းငယ်သာရှိသည်။

မြန်မာနိုင်ငံတွင်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများချို့တဲ့သောကြောင့် ပုံနှိပ်မီဒီယာ စောင်ရေမှာ အကန့်အသတ်ရှိနေဆဲဖြစ်သည်။ ပုဂ္ဂလိကမီဒီယာတိုက်များသည်လည်း ရန်ကုန်မြို့တွင်ရှိသည့် ပုံနှိပ်စက်အရေအတွက် အနည်းငယ်ပေါ်တွင်သာ အားထားနေရသည်။ သို့ဖြစ်သောကြောင့် ကျေးလက်လူဦးရေအများစု သည် သတင်းအတွက် ရုပ်မြင်သံကြားနှင့် ရေဒီယိုပေါ်တွင်သာ မှီခိုအားထားနေရသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကွင်းဆင်းလေ့လာဆောင်ရွက်ထားသော ယခုအကဲဖြတ်မှုအရ ၂၁.၅ ရာခိုင်နှုန်းသည် ရုပ်သံလွှင့်မီဒီယာကိုသာ ဖမ်းယူ ကြည့်ရှုနိုင်ကြပြီး အခြားမည်သည့်ပုံနှိပ်မီဒီယာ (သို့မဟုတ်) အင်တာနက်ကိုမျှ ရယူသုံးစွဲနိုင်ခြင်းမရှိကြပေ။ ထို့ပြင် ၂.၆ ရာခိုင်နှုန်းမှာ မည်သည့်မီဒီယာအမျိုးအစားကိုမျှ ရယူသုံးစွဲနိုင်မှုမရှိပါ။ လူနည်းစု တိုင်းရင်းသားများအတွက် ၎င်းကိန်းဂဏန်းများမှာ ၂၆ ရာခိုင်နှုန်း နှင့် ၈ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။ အဆိုပါတွေ့ရှိချက်များသည် အမျိုးအစား စုံလင်သော မီဒီယာဝန်းကျင်တစ်ခု မရှိသေးသည့် အမှတ်လက္ခဏာကို ဖော်ညွှန်းနေသည်။

သတင်းအချက်အလက်နှင့်နည်းပညာမူဝါဒအဖြစ် မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဌာနသည် မြန်မာ့ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ပင်မ (အထူးပြု) စီမံကိန်း (၂၀၁၅) ကို အကောင်အထည် ဖော်လျက်ရှိသည်။ ယင်းစီမံကိန်းသည် ယခုအစီရင်ခံစာအပြီးသတ်ချိန် ၂၀၁၆ ဧပြီလအထိ ဆောင်ရွက်နေဆဲလုပ်ငန်း ဖြစ်သော်လည်း ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် အခြေခံကောင်းများဖြစ်သည်။ အဆိုပါစီမံကိန်းသည် တယ်လီဖုန်းသိပ်သည်းဆ[7]နှင့် အင်တာနက်ရယူသုံးစွဲမှုတိုးတက်ရေးအတွက် ရည်မှန်းချက်ကောင်းများ ချမှတ်ထား သည်။

---

7 ဆက်သွယ်ရေးသိပ်သည်းဆဆိုသည်မှာ သတ်မှတ်နယ်မြေတစ်ခုအတွင်းနေထိုင်ကြသော လူဦးရေ ၁၀၀ ၏ မြေပြင်တယ်လီဖုန်းလိုင်းသုံးစွဲမှုအရေ အတွက်ကို ရည်ညွှန်းသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးအရ တွက် ခြေမကိုက်သည့် ဒေသများတွင်လည်း ဆက်သွယ်ရေး အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများပံ့ပိုးပေးရန်မှာ နိုင်ငံတော်၏ကဏ္ဍဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းစီမံကိန်းတွင် အဆိုပြုထားသည်မှာ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများမှရရှိငွေအချိုးကျဖြင့် အများပြည်သူ ဆိုင်ရာ ဝန်ဆောင်မှုရံပုံငွေ ကိုတည်ထောင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံသည် အန်နာလော့စနစ်ကိုပိတ်သိမ်းပြီး ဒစ်ဂျစ်တယ်ရုပ်မြင်သံကြားစနစ်ကို ဆောင်ရွက်ရန် ၂၀၀၈ခုနှစ်ကတည်းမှ အာဆီယံဒစ်ဂျစ်တယ်ရုပ်သံလွှင့်အဖွဲ့အစည်း [8] နှင့် သဘောတူထားသော်လည်း ဒစ်ဂျစ်တယ် စီမံကိန်းအတွက် ခိုင်လုံသောအချက်အလက်များ ရေးဆွဲထားခြင်းမရှိသေးပါ။ လက်ရှိတွင် နိုင်ငံပိုင်ရုပ်သံလွှင့်ဌာန ဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထပ်ဆင့်လွှင့်စက်ရုံ ၁၀၄ခုတွင် ဒစ်ဂျစ်တယ် ရုပ်သံလွှင့်စက်များ တပ်ဆင် ထားပြီးဖြစ်ကာ ယင်းသည် ၈၉ ရာခိုင်နှုန်းသောလူဦးရေကို လွှမ်းခြုံနိုင်ကြောင်း အစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ဆိုသည်။ ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့် သည် ၂၀၂၀တွင်အပြီးသတ်မည်ဖြစ်သည်။ အစိုးရသည် DVBT-2 စက်များကို ကျောင်းနှင့်စာကြည့်တိုက်များကဲ့သို့သော အများပြည်သူသုံးစွဲရာနေရာများတွင် တပ်ဆင်ပေးခဲ့သည်။ သို့သော် လည်း ယင်းဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးဆောင်ရွက်ချက်သည် မြန်မာနိုင်ငံ၏များပြားလှသော ကျေးလက်နေ လူဦးရေကို ကူညီပေးရန်အတွက် လုံလောက်မှုမရှိပေ။ အမျိုးသားအဆင့်ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးစီမံကိန်းသည် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အလေးပေးတည်ဆောက်ပေးခြင်းသာမက သင့်တင့်လျောက်ပတ်သော နည်းပျူဟာများကိုလည်းချမှတ်ကာ ကျေးလက်အိမ်ထောင်စုများတွင်လည်း ဒစ်ဂျစ်တယ်ကူးပြောင်းရေးအတွက် နိုင်နင်းစွာ ဆောင်ရွက်နိုင်ရေး အကူအညီပေးရန်လုပ်ဆောင်သင့်သည်။ ထို့ပြင် အနည်းဆုံးအနေဖြင့် လက်ရှိဖမ်းယူကြည့်ရှုနေကြ သည့် ရုပ်သံလွှင့်ဝန်ဆောင်မှုလုပ်ငန်းကိုလည်း ဆက်လက်ထိန်းသိမ်းပြီး တိုးတက်အောင်လုပ်ဆောင်သင့်ပါသည်။

****************************

[8] မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးနှင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် တွေ့ဆုံမေးမြန်းချက်။

**အဓိကအကြံပြုချက်များ**

- မြန်မာနိုင်ငံသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ဆက်စပ်နေသော ပြည်သူနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (International Covenant on Civil and Political Rights – ICCPR)၊ ICCPR ၏ (ပထမ) နောက်ဆက်တွဲသဘောတူစာချုပ်နှင့် ပုံစံမျိုးစုံဖြင့် လူမျိုးရေးခွဲခြားမှု ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် (International Convention on the Elimination of All Forms of Racial Discrimination) စသည့် နိုင်ငံတကာစာချုပ်များကို လက်မှတ်ရေးထိုးသင့်ပါသည်။
- လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် (ပုဒ်မ ၃၅၄)နှင့် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့်ကို အာမခံချက်များပေးနိုင်စေရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သင့်ပါသည်။ အဆိုပါအာမခံချက်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်သိရှိပိုင်ခွင့် စသည့်အခွင့်အရေးများကို ပုံမှန်သုံးစွဲနေကျ ဥပဒေများက ကန့်သတ်နိုင်ခြင်း မရှိသင့်ပေ။ ၎င်းအခွင့်အရေးများကို ကန့်သတ်သည့်ဥပဒေများတွင် အဆိုပါအာမခံချက်များကို ရှင်းလင်းစွာဖော်ပြသင့်သည်။
- အမှီအခိုကင်းစွာဆောင်ရွက်နိုင်သည့် တရားစီရင်ရေးသာလျှင် အများပြည်သူအကျိုးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားထားသော ဥပဒေများကို သင့်တော်သလိုဆောင်ရွက်နိုင်ပေမည်။ အစိုးရ သည် လွတ်လပ်စွာတရားစီရင်နိုင်ရေးကို မြှင့်တင်သင့်ပြီး တရားစီရင်ရေးကဏ္ဍအတွင်း လာဘ်ပေးလာဘ်ယူ ပြဿနာများကို ဖော်ထုတ်သင့်သည်။
- အစိုးရသည် ဥပဒေပြုပြင်ပြောင်းလဲရေးကိစ္စများတွင် ပြည်သူလူထုနှင့် အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကျယ်ပြန့်သောအခွင့်အလမ်းကောင်းများဖန်တီးပေးခြင်းဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တိုက်ရိုက်ဆက်နွယ်သည့်ဥပဒေများ ပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထုအနေဖြင့် ပိုမိုလိုလားတက်ကြွစွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် မြှင့်တင်ပေးသင့်သည်။
- အစိုးရသည် သတင်းအချက်အလက်ရယူသိရှိပိုင်ခွင့်ဥပဒေရေးဆွဲပြဋ္ဌာန်းရန် နိုင်ငံအတွင်းမှ သင့်တော်သည့် ပါဝင်ဆက်နွယ်သူများနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးသင့်သည်။
- ကိုလိုနီခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ရာဇသတ်ကြီးဥပဒေကို သိသာထင်ရှားသော ပြောင်းလဲမှုများ ပြုလုပ်သင့်သည်။ ပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် (ICCPR) ပုဒ်မ (၁၉) အပိုဒ်ခွဲ (၃) တွင် ထည့်သွင်းဖော်ပြထားသကဲ့သို့ တရားစီရင်ရေးဆိုင်ရာ အကျိုးစီးပွားနှင့် ၎င်းကို ကာကွယ်ရန် လိုအပ်လာပါက လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်တွင် အချို့သောအကြောင်းအရာများကို ဥပဒေဖြင့် ကန့်သတ်သင့်ပါသည်။
- ကျယ်ပြန့်သော တရားဥပဒေစနစ်သည် မီဒီယာဆိုင်ရာဥပဒေပြုပြင်ပြောင်းလဲမှုများနှင့် နိုင်ငံရေး၊ လူမှုရေး စံနှုန်းများနှင့် လိုက်လျောညီထွေ မဖြစ်တော့ပေ။ အကျိုးဆက်အနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဟန့်တားသည့် ခေတ်မမီတော့သော ဥပဒေများ များစွာကျန်ရှိနေသေးသည်။ လက်ရှိပြဋ္ဌာန်းထားသော ဥပဒေ

အချို့တွင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ချက်များပါဝင်နေသည်။ မြန်မာ့တရားစီရင်ရေးစနစ်တွင် များစွာ သော ပြုပြင်ပြောင်းလဲမှုများလုပ်ရန် လိုအပ်နေသေးသည်။ ဖျက်သိမ်းရန် (သို့မဟုတ်) ပြင်ဆင်ရမည့် ဥပဒေများ ကို ယခုအစီရင်ခံစာ၊ အခန်း (၁) ၏ အကြံပြုချက်ကဏ္ဍတွင် အသေးစိတ်ဖော်ပြထားပါသည်။

- သတင်းသမားများ၏ လျှို့ဝှက်သတင်းရင်းမြစ်ကို ကာကွယ်ခြင်းဆိုင်ရာ ဥပဒေကိုလည်း ပြဋ္ဌာန်းသင့်သည်။
- နိုင်ငံပိုင်ရုပ်သံလွှင့်မီဒီယာများကို အများပြည်သူဝန်ဆောင်မှု (သို့မဟုတ်) ပုဂ္ဂလိက ရုပ်သံလွှင့်လုပ်ငန်းများ အဖြစ်ပြောင်းလဲသင့်ပြီး နိုင်ငံပိုင်မီဒီယာကိုတည်ရှိခွင့်ပေးထားသည့် ပြဋ္ဌာန်းချက်များကိုလည်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေမှ ပယ်ဖျက်သင့်သည်။
- အမျိုးသားရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း လိုင်းနှုန်းစဉ်စီမံခန့်ခွဲမှုဆိုင်ရာစီမံချက်ကို ရုပ်သံလွှင့်လုပ်ငန်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးပြီး ယင်းစီမံကိန်းနှင့် စီမံကိန်းပါအချက်အလက်များကို အများပြည်သူသိရှိစေရန် တိုးမြှင့်ဆောင်ရွက်သင့်သည်။
- ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် မီဒီယာမျိုးစုံတွင် အစိုးရကြော်ငြာများ မျှမျှတတနှင့် ဘက်လိုက်မှုမရှိဘဲ ထည့်သွင်းဖော်ပြနိုင်ရန် လမ်းညွှန်ချက်များ ချမှတ်သင့်သည်။
- အစိုးရသည် မီဒီယာနှင့် ရပ်ရွာအခြေပြုအသံလွှင့်လုပ်ငန်းများကို တက်ကြွစွာပံ့ပိုးပေးနိုင်သည့် အခွန်မူဝါဒကို ထည့်သွင်းစဉ်းစားသင့်ပါသည်။
- မီဒီယာတိုက်များသည် ဝန်ထမ်းခန့်အပ်ရေးကိစ္စရပ်များတွင် လူနည်းစုတိုင်းရင်းသားများနှင့် ကျား၊ မ ရေးရာကဏ္ဍတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများမှလည်း မီဒီယာတိုက်များကို နည်းပညာဆိုင်ရာပံ့ပိုးမှုများ ဖြည့်ဆည်းပေးသင့်ပါသည်။
- မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများက ရပ်ရွာအခြေပြုအသံလွှင့်လုပ်ငန်းများပေါ်ပေါက်လာအောင် ပံ့ပိုးပေးသင့်သည်။
- အများပြည်သူဝန်ဆောင်မှုရုပ်သံလွှင့်လုပ်ငန်းများမှ ဆောင်ရွက်နေသော ပြည်သူ့ဝန်ဆောင်မှုကို ဥပဒေဖြင့်ပြဋ္ဌာန်းပြီး အကာအကွယ်ပေးသင့်ပါသည်။
- အစိုးရနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများအနေဖြင့် အသစ်ဖွဲ့စည်းထားသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် မီဒီယာအတွက်ကိုယ်တိုင်ထိန်းကျောင်းသည့်အဖွဲ့အစည်း (media self-regulatory body) အဖြစ် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးအလုံအလောက်နှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများကို ပံ့ပိုးပေးသင့်ပါသည်။
- မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ရန်ကုန်ပြင်ပရှိ မီဒီယာတိုက်များ၏ ထောက်ခံမှုများရရှိရန်နှင့် မီဒီယာအတွက် ကိုယ်တိုင်ထိန်းကျောင်းသည့်အဖွဲ့အစည်းအဖြစ် ရရှိထားသောတရားဝင်မှု (legitimacy) ကို မြှင့်တင်ရန်အတွက် ယင်းတို့နှင့် ထိတွေ့ဆက်ဆံမှုများကို ပိုမိုတိုးမြှင့်သင့်သည်။

- နိုင်ငံတကာမီဒီယာအဖွဲ့အစည်းများက တပ်မတော်နှင့်ရဲတပ်ဖွဲ့တို့အား မီဒီယာအကဲဆတ်ခံနိုင်ရည် သင်တန်းများ ကျယ်ကျယ်ပြန့်ပြန့် ပေးရန်လုပ်ဆောင်သင့်သည်။ သို့မှသာ မီဒီယာနှင့် မည်ကဲ့သို့သင့်တင့်စွာ ထိတွေ့ပြောဆို ရမည်ကို သိရှိကြမည်ဖြစ်သည်။
- သတင်းသမားများ၏ အရည်အသွေးမြှင့်တင်ရေးစီမံကိန်းများတွင် အခြေခံသတင်းစာပညာသင်တန်းများကို အဓိက ဦးစားပေးသင့်သည်။ ရန်ကုန်မြို့ပြင်ပတွင် သင်တန်းများတိုးမြှင့်ဖွင့်လှစ်နိုင်ရန်နှင့် တိုင်းရင်းသားမီဒီယာများ အတွက် တိုင်းရင်းဘာသာစကားဖြင့် သင်တန်းများဖွင့်လှစ်ရန် ကြိုးပမ်းအားထုတ်သင့်ပါသည်။
- တက္ကသိုလ်အဆင့် သတင်းအတတ်ပညာဘာသာရပ် သင်ကြားရေးအစီအစဉ်များနှင့် မီဒီယာသင်တန်းများမှ သင်ရိုးများတွင် ကျား၊ မရေးရာနှင့် မတူကွဲပြားမှုအကြောင်းအရာများ ထည့်သွင်းသင်ကြားသင့်သည်။
- မီဒီယာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများသည် သတင်းမီဒီယာသမားများ၏အဖွဲ့အစည်းများကို ဆက်လက်ပံ့ပိုး ပေးမှသာ မီဒီယာအလုပ်သမားများ၏ အခွင့်အရေးအတွက် ထိရောက်စွာဦးစီးဦးဆောင်ပြုပေးနိုင်ပြီး ရန်ကုန်မြို့နှင့် နိုင်ငံတလွှားရှိ သတင်းမီဒီယာသမားများအား ကူညီပံ့ပိုးမှုပြုနိုင်မည် ဖြစ်သည်။ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ အတူတကွပူးပေါင်းကာ မြန်မာနိုင်ငံတစ်ဝှမ်းရှိတက္ကသိုလ်များတွင် သတင်းအတတ်ပညာဘာသာရပ် တိုးချဲ့သင်ကြားနိုင်ရန် ဆောင်ရွက် သင့်ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်းတွင် တက္ကသိုလ်အဆင့် သတင်းအတတ်ပညာကို လက်လှမ်းမီရန်အလို့ငှာ မန္တလေးမြို့ရှိ တက္ကသိုလ်တစ်ခုခုတွင် သတင်းအတတ်ပညာဘွဲ့ပေးနိုင်ရေးကို အလေးပေး ဆောင်ရွက်သင့်သည်။
- အစိုးရနှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများသည် အရပ်ဖက်အဖွဲ့အစည်းများကို ယင်းတို့၏ မီဒီယာ စောင့်ကြည့်ရေးအားထုတ်မှုများ၊ မီဒီယာနှင့်ပတ်သက်၍သိနားလည်မှု (media literacy) အစီအစဉ်များနှင့် လူမှုကွန်ရက်တွင် အမုန်းစကားများ ပြောကြားနေမှုနှင့် ယင်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်သည့် သုတေသနလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးပေးသင့်သည်။ မီဒီယာနှင့် ပတ်သက်၍သိနားလည်မှု (media literacy) ကို ပုံမှန်တက္ကသိုလ်ပညာရေးစနစ်တွင် သင်ကြားပေးသင့်သည်။
- အစိုးရက အမျိုးသားဒစ်ဂျစ်တယ်စနစ်ကူးပြောင်းရေးစီမံကိန်းကို ဖွံ့ဖြိုးအောင်ပြုလုပ်ပေးသင့်သည်။ ယင်းစီမံကိန်း တွင် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာဖွံ့ဖြိုးရေးသာမက ကျေးလက်နေအိမ်ထောင်စုများတွင် ဒစ်ဂျစ်တယ် စနစ်ကူးပြောင်းရေးကို ကူညီပေးမည့် နည်းဗျူဟာများ ပါဝင်သင့်သည်။ မီဒီယာ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများသည် ၄င်းကိစ္စနှင့်ပတ်သက်ပြီး နည်းပညာဆိုင်ရာ ပံ့ပိုးမှုများ ပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်သည်။
- မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဌာနသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းရှင်များ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီး ဆက်သွယ်ရေးပင်မစီမံကိန်း (Telecommunications Master Plan) ကို ပြန်လည်ရေးဆွဲသင့်သည်။

********************